
ဝန်ဇင်း
Read on the move
မြိတ်မြို့မှာ
ဝတ္ထုတိုများ
မောင်ကိုကို (အမရပူရ)

# ကျုပ်ရဲ့ တစ်ကိုယ်တော် ပြပွဲဟာ ကျုပ်ကျောပေါ်မှာ လူတွေ နဲ့

ကျုပ်က ရှေးဟောင်း သစ်သားတံတားအိုကြီးပါ။ ကျုပ်အသက် ဘယ်လောက်လို့ ခင်ဗျားတို့ ထင်သလဲ။ ပြန်တွေ းကြည့်ဗျာ။ ဆိုကြည့်ဗျာ။ ဒီလိုလေ။ “အင်းက အော်အာ ဆောက်လိုပ်ခ” တဲ့။ “အင်းက အော်ညည်း ဆောက်လိုပ်ပြီး ”တဲ့။ သက္ကရာဇ် ၁၂၁၁ မှာ ဆောက်လုပ်ခဲ့တယ် ။ သက္ကရာဇ် ၁၂၁၂ (၁၈၅၁)မှာ ဆောက်လိုပ်ပြီးတာပေါ့။

ကျုပ်အသက်က ၁၆၀ ထဲမှာ ပေါ့။ ကျုပ်က တကယ် ထူးဆန်းတဲ့အဘိုးအိုပေါ့။ ကျုပ်ကျောပေါ်မှာ ကျုပ်တို့ပြန်မှာ ပြည်သူ ပြည်သားများ စွာ များ စွာ ဖြတ်လျှောက် နေကြတယ်။ ကျုပ်ကျော်ပေါ်မှာ ကမ္ဘာသူကမ္ဘာသား များ စွာ လည်း နေ့စဉ် ဖြတ်လျှောက်နေကြတယ်။သူတို့ ကတော့ ကမ္ဘာဂန္တဝင် ရှေးဟောင်းတံတားကြီးပေါ် အရသာရှိရှိ ဖြတ်လျှောက်ရင်း အာကာသဟင်းလင်းပြင်နဲ့ လေပြည်လေညင်းကို တရှိုက်မက်မက် ရှုရှိုက်ကြတာ ။ အဲသည် လေညင်းလေးဟာ ကျုပ်မိတ်ဆွေပေါ့။

ကျုပ်မှာ နာမည် ရှိတယ်။ ခင်ဗျားနာမည် ကို ကမ္ဘာက မသိချင်နေမယ်။ကျုပ်နာမည် ကိုတော့ ကမ္ဘာကသိတယ်။ ကျုပ်နာမည် က “ဦးပိန် တံတား”။ တောင်တမန်အင်းကို ဖြတ်ကူးပြီး တောင်တမန်ရွာနဲ့ သေခြင်းကင်းတဲ့ မြို့ ကို ဆက်သွယ်ထားလို့ “ တောင်တမန်တံတား ” လို့လည်း ခေါ်ကြတယ်။

ကျုပ်ရဲ့ ဇာတိဇာစ်မြစ်ကို ခင်ဗျားသိရဲ့ လား။ ကျုပ်က အညတြက၊ သာမန်ဘဝက ဆင်းသက်လာတဲ့ အနညာတကောင် မဟုတ်ဘူး။ ကျုပ်က အင်းဝ ရွှေနန်းတော် ဟောင်းကနေ တံတား ဖြစ်လာတဲ့ကောင်။ ရွှေနန်းတော် တစ် ဖြစ်လဲ သစ်သားတံတားကြီးပေါ့။ ကျုပ်ကို တည်ဆောက်ခဲ့သူက အမရပူရမြို့ ဝန် ဘိုင်ဆပ်ရဲ့ တပည့်ရင်း မြို့ စာရေး မောင်ပိန်တဲ့။ ပုဂံမင်းလက်ထက်မှာ ကျုပ်ကို တည်ဆောက်ခဲ့တာ။ ကျုပ်ကို တည်ဆောက်ခဲ့သူဟာ စောစောသေခဲ့ရတယ်။ ကျုပ် ကတော့ အသက် ၁၆၀ ရတဲ့အထိ ကျုပ်အပေါ် ခေတ်ပေါ်ကောင်မလေးတွေ ဒေါက်ဖိနပ်နဲ့ ဖြတ်လျှောက်ရင်”ဒေါင်

ဒေါင်”ကိုမည် လို့။

ဘာပဲ ဖြစ် ဖြစ် မြို့ ဝန်ဘိုင်ဆပ်နဲ့ ဦးပိန်ကြောင့် သာ ကျုပ် ဖြစ်တည်လာခဲ့တာပဲ။ ကျုပ်သူတို့နှစ် ယောက် ကို ကျေးဇူးတင်တယ်။သူတို့က မူဆလင်ဘာသာဝင်တွေ ဖြစ်ပေမယ့် ဘုန်းကြီးကျောင်းထွက်တွေ ဗျ။ သူတို့ဟာ မင်းကျွမ်းဝင်သူတွေ မို့သာ ကျုပ်ကို တည်ဆောက်ဖို့ ပုဂံမင်းကို လျှောက်တင်ရဲတာ။ ပုဂံမင်းကလည်း ကျုပ် ကျေးဇူးတင်တာပဲ။ ပုဂံမင်း ခွင့်ပြုချက်နဲ့ ကျုပ် ဖြစ်တည်ခွင့်ရတာ ။

တကယ်တော့ ကျုပ်အသက်ရှင်တာ ဘာလဲ။ ဘာအတွက်လဲ ။ နေထဲ မိုးထဲ ၊ နှင်းထဲ ၊ ရေထဲ ၊ ကျုပ် အမြဲ ကျောခင်းပေးထားတာ ဘာအတွက်လဲ။

ကျူပ် အဘိဓမ္မာက ရှင်းပါတယ်။

ကျုပ်က လူတွေ အတွက် အသက်ရှင်နေတာ။ လူအများ အကျိုး သယ်ပိုးဖို့ ကျုပ် အသက်ရှင်နေတာ။ ကျုပ်ရဲ့ တစ်ကိုယ်တော် ပြပွဲဟာ ကျုပ်ကျောပေါ်မှာ လူတွေ နဲ့ ။ ကျုပ် လှပလို့။

ကျုပ်ကျောပေါ်မှာ ခေါင်းရွက်ဗျက်ထိုးဈေးသည်လေးတွေ နင်းလျှောက်သွားတယ်။ ရတနာပုံတက္ကသိုလ်ကြီးပေါ်လာတော့ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသာတွေ ကျုပ်ကျောပေါ်က နင်းဖြတ်သွားတယ်။ နွားနို့ပို့သူ ၊ ထန်းရည်ရောင်းတဲ့ ထန်းတောသူ ၊ ခရမ်းချဉ်သီးရောင်းတဲ့ မိန်းကလေး၊ မီးရထားစက်ရုံ အလုပ်သမား ၊ ငါးဖမ်းသမား၊ ပေါင်ဖြူဖြူဥရောပသူတွေ ၊ ရက်ကန်းသမလေးတွေ ၊ ရုပ်ရှင်မင်းသမီးများ ဓာတ်ပုံဆရာများ ၊ ပန်းချီဆရာများ ၊ အားလုံး ကျုပ်ကျောပေါ်ကနင်းဖြတ်သွားကြတယ်။ ကျုပ်ကျောပေါ်ကဖြတ်ပြီး လိုရာခရီးဆီ အရောက်သွားနေကြတာ ကျုပ်ကျေနပ်တယ်။

လူသားတွေ သွားလာဖို့ နှစ် ပေါင်းများ စွာ ကျောခင်းပေးတဲ့ ကျုပ်ကို ဘယ်သူတွေ က ထောက်ကူထားတယ်မှတ်သလဲ။

ကျွန်းတိုင်ကြီးတွေ ပေါ့ဗျာ။

ဟိုတစ်ခါက နန်းတော် တိုင်ကြီးတွေ ပေ့ဗျာ။

အဆိုရှိတယ်။

“န၀ အဌ ဇယ မောင်ပိန်”တဲ့။

၉ ၈ ၄ တိုင် ကျုပ်မှာ ပိုင်ဆိုင်တယ်။

ဒုတိယ ကမ္ဘာစစ်ကြီးပြီးစနှစ် က ရေတွေ အလွန်ကြီးခဲ့ဖူးတယ်။ ကျုပ်လည်း ရေမြုပ်သွားတာပေ့ါ။ လှိုင်းဒဏ်တွေ ကြောင့် တိုင်တွေ လည်း ပြုတ်ထွက် မျောပါ ကုန်တာပေ့ါ ၊ ကျုပ်ကျောပေါ်မှာ စုတ်ပြတ်ဖွာရရာကြဲသွားတယ်။ ကျုပ်ကို ပြန်လည်ဆေးဝါး ကုသပေးတာဟာ တောင်တမန်ရွာသား အမတ် ဦးဘသီနဲ့ သူ့အဖွဲ့တွေ ပေ့ါ။

၁၃၃၅ (၁၉၇၃) မှာ ရေတွေ အဆမတန်ကြီးပြန်ပေ့ါ။ လှိုင်းဒဏ်ကြောင့် ကျု ပ်တစ်ကိုယ်လုံးနီးပါး ပြုတ်ထွက်လွင့်စဉ်မျောပါရပြန်ပေ့ါ။ အဲဒီ တုန်း ကတော့ မဟာဂန္ဓာရုံဆရာတော် ကြီးနဲ့ သံဃာတော် များ စွာ ရယ် ၊ မြို့ နယ်အုပ်ချုပ်သူတို့ရယ် ပူးပေါင်းပြီး ကျုပ်ကို ပြန်လည်မွမ်းမံပြင်ဆင်ပေးခဲ့ကြတယ်။ ဖာလိုက်ထေးလိုက် ပြု လိုက်ပြင်လိုက် ဖြည့်လိုက်စွက်လိုက်နဲ့ ကျုပ်အသက်ရှင်ခဲ့တယ်။လူသားတွေ ကို ဆက်လက်အကျိုး ပြုနေတယ်။ ကျုပ်ရဲ့ တစ်ကိုယ်တော် ပြပွဲဟာ ကျုပ်ကျောပေါ်မှာ လူတွေ နဲ့ ။ ကျုပ်ဟာ လှလို့ပလို့။

ဟိုခေတ်တုန်းက ကျုပ်မှာ ”ဖောင်ကြောင်း”ကိုးခုရှိတယ်၊ ဖောင်ကြောင်းဆိုတဲ့သဘောက လွယ်လွယ်ကူကူ ဖြတ်နိုင်တင်နိုင်တယ်။ ပြည်ကြီးမွန်လို့ ဘုရင့်ဖောင်ကြီးတွေ ဖြတ်သန်းဖူးတယ်၊ ဘုရင့်စစ်မက်လှေကြီးတွေ ဖြတ်သန်းဖူးတယ်။ သူတို့ဖြတ်ရင် ဖောင်ကြောင်းအခင်းကို ဖြုတ်ရတယ်။ ပြီးမှပြန်တင်ရတယ် ။ ဖောင်ကြောင်းတွေ ရှိတုန်း ကတော့ ကျုပ်အပေါ်ကို စက်ဘီးတွေ မနင်းဖြတ်ကြဘူး။ အခုတော့ ကျုပ်ကျောပေါ်မှာ စက်ဘီးတွေ တရကြမ်းစီးနင်းကြတယ်။ သက်ဆိုင်ရာက စက်ဘီး မစီးရ။ တွန်းရမယ်ဆိုလည်း လစ်ရင်လစ်သလို စီးနင်းကြတယ်။ ရှေးလူတွေ လို မဟုတ်ဘူး ။ အခုလူတွေ က အရမ်းမြန်ချင်ကြတယ်။

ကျုပ်ကျောပေါ်အလျှင်စလိုဖြတ်သန်းရင်း ကံခေပြီးစက်ဘီးရောလူပါ အောက်ကျသွားတဲ့လူနည်းမှ မနည်းတာ။ ဟိုတုန်း ကတော့ နာမည် ပေးထားတယ်။ ဘိုဆိုတဲ့လူ စက်ဘီးနဲ့ လိမ့်ကျသေတဲ့ကွေ့ကို "ဘိုကွေ့"တဲ့။ အုန်းလှိုင်ဆိုတဲ့လူ စက်ဘီးနဲ့ လိမ့်ကျသေတဲ့ကွေ့ကို "အုန်းလှိုင်ကွေ့"တဲ့။

အခုတော့ စက်ဘီးနဲ့ အတူ အောက်ကျပြီး သေတဲ့မသာတွေ များ လွန်းလှပြီ။ နာမည် တွေ မပေးကြတော့ဘူး။ အမရပူရ သိမ်ကြီးဈေးဆီ နှင်းဆီပန်းအနီရောင်းဖို့သွားတဲ့ မိန်းကလေးလည်း လင်းအားကြီးမှာ စက်ဘီးနဲ့ ကျသေဖူးတယ်။ နှင်းဆီနီတွေ ကတော့ ပြန့်ကြဲလို့ပေါ့။ဆေးမှူး ကြီးတစ်ဦးလည်း ဆေးဘူးတွေ နဲ့ အတူ စက်ဘီးနဲ့ အောက်ကိုထိုးကျရာက သေသွားတယ်။ သားအမိနှစ် ယောက် စက်ဘီးနဲ့ အောက်ကိုထိုးကျရာမှ ကျုပ်အပေါ်ရောင်းတဲ့ ဈေးသည်က ကလေးကို ဖောက်ထိုးဆွဲလိုက်နိုင်တယ်။ အမေ ဖြစ်သူ ကတော့အောက်ကျပြီး ပွဲချင်းပြီး သေဖူးတယ်။ ပန်းချီကားထိုင်ရောင်းတဲ့ မိန်းမ ကတော့ ကျုပ်ရဲ့ သစ်သားကြမ်းခင်းအစွန်းကနေ အပေါ့သွားရင် အောက်ကျပြီးသေဖူးတယ်။ ကျုပ် ကတော့ ကျုပ်အပေါ်ကနေ အပေါ့သွားလည်း ဘာမှမပြောသာပါဘူး။ သူ့ ဘာသာသူ မထိန်းနိုင်ဘဲ လိမ့်ကျသေခဲ့တာ။

ကောင်မလေး တစ်ယောက် ကတော့ ရည်းစားနဲ့ ကျုပ်အပေါ် လာချိန်းတွေ့ရင်း အောက်ကရေတိမ်ထဲထိုးကျသွားခဲ့တာ။ မသေဘူး ပေါင်ကျိုး သွားတယ်။ ကျုပ်ကျောပေါ်မှာ နေပြီး ကျုပ်ကို မထီမဲ့မြင် ပြုကြသူတွေ အများ ကြီးပဲဗျာ။ အရက်မူးသမားတွေ စက်ဘီးစီးရင်း ကျုပ်အပေါ်က ထိုးကျသေခဲ့တာတော့ အတော် ကိုများ နေပြီ။ ကျုပ်ကျောပေါ်က ပြု တ်ကျသေသူများ ကို စာရင်းပြုစုထားသင့်တယ်ထင်တယ်။ ကျုပ်ရဲ့ ပယောဂမပါကြောင်း မှတ်ချက်ရေး သင့်တယ်။

အရှေ့ဘက်ရွာက တောင်သန်ဘိုးဘိုးကြီးနတ်ပွဲကာလမှာ ကျုပ်ကျောပေါ် ကန်တော့ပွဲတွေ ခေါင်းပေါ်ရွက်ပြီး ဖြတ်သန်းနေကြတယ်။အဲဒီ အခါ ကျုပ် ကြည်နူးတယ်။ ဝါဆိုလပြည့်ပွဲတော်၊ဝါခေါင်လပြည့်ကျော် ရတနာ့ဂူပွဲတော် အခါ သင်္ကြန်ပွဲတော် အခါသမယတွေ မှာ မန္တလေးကလူတွေ တိုးဝှေ့နေကြတယ်။ ကျုပ်ကျောက အဲလိုအခါ

အရမ်းနာကျင်ရတယ်။ ပွဲပြီးသွားလည်း ကျုပ်ကျောဟာ နာကျင်ကျန်ရစ်တယ်။ ပွဲအခါမှာ ကျုပ်ကျောပေါ်လူတွေ များ လွန်းပြီး ကျုပ်ကျိုး ကျရတဲ့အခါတွေ လည်း ရှိခဲ့ဘူးတယ်။

ကျုပ်ရဲ့ ပတ်ဝန်းကျင်ရှုခင်းဟာ အရမ်းဆန်းကြယ်လှပတာကို ကမ္ဘာက ချီးမွမ်းကြတယ်။ ကျုပ်ရဲ့ ဓာတ်ပုံတွေ ဟာ ကမ္ဘာ့စာစောင်တွေ မှာ ဖော်ပြခံရတယ်။ ကျုပ်ပတ်ဝန်းကျင် တောင်သမန်ရှုခင်းဟာ အခုမှလှတာမဟုတ်ဘူး။ ရှေးခေတ်ကတည်းက တအားလှလာခဲ့တာ။ကျုပ်ပတ်ဝန်းကျင်ဟာ နွေဆိုနွေနဲ့ တူတာ။မိုးဆိုမိုးနဲ့ တူပြီး၊ ရေတွေ ပြည့်လျှံနေတာ၊ဆောင်းတွင် းဆို ကျုပ်ပတ်ဝန်းကျင်မှာ နှင်းတွေ ဝေဆိုင်နေတာ ကျုပ်သိပ်ကြိုက်တယ်။ ကျုပ်အောက်က တောင်သမန်အင်းဟာ တောင်သမန်အင်းပီသတာပဲ ကျုပ်သိပ်ကြိုက်တာပေါ့။ နွေအခါ ရေမရှိလည်း ပဲပင်၊ ပြောင်းပင် စိုက်နိုင်တာပေါ့။ လူတွေ သီးနှံစားကြရတာ ပေါ့။ကျုပ်မှာ လည်း ပြောင်းပင်၊ ပဲပင်၊ နှမ်းပင်တွေ ရဲ့ စိမ်းစိုမှု ကိုကြည့်ပြီး မျက်လုံးအေးရတာ ပေါ့။ ကျုပ်အောက်မှာ ရေတွေ အမြဲဝပ်ပြီး မည် စည်(မယ်ဇယ်)ပင်ကြီးနှစ်ပင် သေးဆုံးသွားကာ သစ်ခြောက်ပင်ကြီးတွေ ဖြစ်သွားရတော့ ကျုပ်မှာ ကြေကွဲမိတယ်။ နွေအခါ မြေပြင်ပေါ် မြက်ပင်စိမ်းစိမ်း မြင်ချင်မိတယ်။

ကျုပ်နံဘေးမှာ ကပ်ရက် ကျည်းပင်လေးတစ်ပင် ကတော့ အမြဲစိမ်းစိုနေတာပဲ။ ကျည်းပင်လေး ကတော့ ရေထဲမှာ ကြာရှည်နေရလည်း အသက်းပြင်းတော့ မသေဘူးပေါ့။ ဟိုတုန်းက ကျည်းပင်လေးရဲ့ အောက် ကျုပ်ရဲ့ ကျောအစွန်းပေါ်မှာ ခုံတန်းလျားလေးရှိတယ်။ အဲဒီ ခုံတန်းလျားပေါ်မှာ ညညဆို သီချင်းဆိုကြ ၊ မယ်ဒလင်တီးကြ ၊ဂစ်တာတီးကြတဲ့သူတွေ နည်းတာမှမဟုတ်တာ။ခုတော့ခုံတန်းလျားလေးဟာ ကျိုး ပျက်နေပါပြီ။

လူတွေ က ညညမှာ ကျုပ်ကျောပေါ်ထိုင်ရင်း၊ လမ်းလျှောက်ရင်း တောသီချင်း၊မြို့သီချင်း တွေ ဆိုကြလွန်းလို့ ကျုပ်ဖြင့် သီချင်းတော် တော် များများ လည်း အလွတ်ရနေပါပြီ။ ညဥ့်သန်းခေါင်ကျော်လို့ ကျုပ်ကျော်ပေါ်က လူတွေ ပြန်သွားရင် လမင်းအောက်မှာ ကျုပ်က တစ်ကိုယ်တော် သီချင်း သီဆိုတော့တာပဲ။ကျုပ်ရဲ့ သီချင်းကို တောင်တမန်အင်းက ကြားတယ်။ လေညင်းလေးက ကြားတယ်။ မည် စည်ပင်ကြီတွေ က ကြားတယ်။ ကျည်းပင်လေးက ကြားတယ် ။လူတွေ ကတော့ သန်းခေါင်ကျော်တော့ ကျုပ်ဆီက

ပြန်ကြပြီပေါ့။

ကျုပ် ကတော့ လမင်းအောက်မှာ တောကျေးလက်သီချင်း တဟိုဟို သီဆိုလို ပေါ့။ လက ကျုပ်ကိုယ်ပေါ်မှာ ရွှေလရောင် လိမ်းခြယ်ပေးထားတယ်။ ကျုပ်က ရွှေရောင် တံတားအိုး။

ဟိုတုန်း ကတော့ ဆောင်ဦးပေါက်ရာသီရောက်ပြီဆိုရင် မြန်မာတစ်ပြည်လုံးက လူငယ်ကဗျာဆရာတွေ ကျုပ်ကျောပေါ်မှာ ကဗျာတွေ ရွတ်ဆိုကြတယ်။ တစ်နှစ် မှ နှစ် ရက်လောက်ပေ့ါ။လူငယ် ကဗျာဆရာလေးတွေ ဟာ တစ်ယောက် တစ်လှည့်စီ ကဗျာရွတ်ပြတာ။ ကိုယ်ကဗျာ ကိုယ်ရွတ်ဆိုတာရှိတယ်။ သူများ ကဗျာကို သံနေသံထားနဲ့ ရွတ်ဆိုကြတာလည်းရှိတာ။ သူတို့တွေ အလေးအမြတ်ထားရွတ်ဆိုကြတဲ့ ကဗျာဆရာက မောင်ချောနွယ်တဲ့။ မောင်ချောနွယ်က သေသွားပြီ တဲ့။ လူငယ်တွေ ကတော့ ကျု ပ်ကျောပေါ်မှာ သူ့ကဗျာတွေ ကို အများ ကြီးရွတ်ဆိုခဲ့ကြဖူးတယ်။ သူတို့ရွတ်တဲ့ကဗျာတွေ ထဲက ကျုပ်ဘဝနဲ့ တိုက်ဆိုင်သလိုရှိတဲ့ ကဗျာ စာသားလေးတော့ ကျုပ်အလွတ်ရနေရစ်ရဲ့ ။ အပိုင်းအစလေးပဲ ကျုပ်ရတာ ပေ့ါ။

ကမ္ဘာပေါ်မှာ ဒဏ်ရာရ သစ်ပင်လောက်လှတာ ဒဏ်ရာရ သစ်ပင်ပဲရှိ

ပြော်.....

ဒ့ါကြောင့် သူက အရိပ်တွေ ခြွေပေးနိုင်တာကိုး”တဲ့။

ဒဏ်ရာရ သစ်ပင်ဟာ လှပစွာ အရိပ်တွေ ချွေတာကိုက လှပနေတယ်။ ကျု ပ်လည်း ဒဏ်ရာရနေတဲ့ ရှေးဟောင်းသစ်သားတံတားအိုကြီးပါ။ ဒဏ်ရာဗရပွနဲ့ ကျုပ်ကျောကို လူတွေ နင်းဖြတ်ဖို့ခင်းပေးထားရက်ပါ။ ကမ္ဘာကြီး ကတော့ ရှေးဟောင်းတန်ဖိုးတစ်ခုအ ဖြစ်၊ သစ်သားတံတားအိုကြီးအ ဖြစ် အထူးအဆန်း နမ်းရှိုက်ကြရဲ့ ။လူအချို့ ရဲ့ ခြေထောက်တွေ နဲ့ စက်ဘီးတာယာတွေ ကတော့ ကျုပ်ကို အသက်ရှိတယ်လို့မထင်ဘဲ ဒုန်းဒုန်း ဒိုင်းဒိုင်း ရက်ရက်စက်စက် ကျုပ်ကျောပေါ်နင်းဖြတ်လျက်ပါပဲ။

ကျုပ်ဟာ လူသားတွေ ဖြတ်သန်းဖို့ ကျောခင်းပေးထားတဲ့ ဒဏ်ရာရ

သစ်သားတံတားအိုကြီးပါ။

ကျူပ်ကျောပေါ်မှာ လူတွေ နဲ့ ။လှပလို့။

ရွှေအမြုတေ မဂ္ဂဇင်း ၊ဇန်နဝါရီ ၂၀၁၂

# မြိတ်မြို့ မှာ

(၁)

ကျွန်တော့် အသည်းနှလုံးဟာ ဒရမ်တီးသံတွေ ကို ကြားနေတယ်။ ကျွန်တော် အသည်းနှလုံး ပဲ ဒရမ်တွေ တီးနေသလား။ ကျွန်တော် သွေးတွေ က ဒရမ်းတွေ ကို တီးနေတယ်။ ကျွန်တော် ဆိုယင်ကယ်တက္ကစီမောင်းတယ်။ ကနေ့မနက် သိမ်တော်ကြီး ဘုရားကုန်းမြင့်ပေါ် ရောက်ပြီးပြီး။ လေယာဥ်ကွင်း ရောက်ပြီးပြီး။ ငါးဈေးရောက်ပြီးပြီ။ ကျွန်တော့် စိတ်ဟာ ဒရမ်းတီးသံတွေ ကို ကြားနေရတယ်။ကျွန်တော် စိတ်တွေ ဒရမ်တီးနေတယ်။

(၂)

ကျွန်တော့်ကို ကျွန်းဆင်းရဲသားလေးပေါ်မှာ မွေးခဲ့တာလို့ အမေက ပြောတယ်။ ပယ်လယ်ဓားပြကြီး ဆင်မြူရယ်ပိုက်ရဲ့ သမီးနာမည် ကို အစွဲပြု့ မှည့် ခေါ်ခဲ့တဲ့ ကလယ်ရာကျွန်းပေါ် ကျွန်တော့်ကို မွေးဖွားခဲ့တာမဟုတ်ပါ။ကျွန်တော့ကို မွေးဖွားခဲ့တာ ဆလုံအမျိုး သမီးနာမည် နဲ့ ၊မကြုံကလက်ကျွန်း မဟုတ်ဘူး၊ လမ်ပိကျွန်းမဟုတ်ဘူး။ ပလော်ကာကျွန်း မဟုတ်ဘူး။ ကျွန်တော့်ကို မွေးဖွားခဲ့ရာ ကျွန်းကလေးမှာ နာမည် လေးတစ်လုံးတောင် မရှိရှာပါဘူး။

ကျွန်းကလေးဟာ ဆင်းရဲလိုက်ပုံများ လူလည်းမနေ ၊ ငှက်လည်းမနား၊ သနားစရာ မွဲတေသွေ့ခြောက်တဲ့ကျွန်းကလေးနေမှာ ပေ့ါ။ အထီးကျန်ဆန်တဲ့ ကျွန်းကလေးနေမှာ ပေ့ါ။

ဒါပေမယ့် အဲသည့်ကျွန်းကလေးဟာ ကျွန်တော့်ရဲ့ ကျေးရူးရှင်ပါ။ကျွန်တော့် မိသားစုရဲ့ ကျေးဇူးရှင်ဟာ အဲသည့်ကျွန်းကလေးပါ။ အဲသည့်ကျွန်းကလေး ပေါ်မှာ ကျွန်တော် အမေက ကျွန်တော့်ကို မွေးချလိုက်တာလေ။

အဖေနဲ့ အမေဟာ ငါးဖမ်းလှေနဲ့ ပင်လယ်ထဲငါးထွက်ဖမ်းတာတဲ့။ အမေ့

ဝမ်းဗိုက်ထဲမှာ ကျွန်တော် ရှိနေတယ်တဲ့။ နေ့စေ့တယ်။ လစေ့တယ် မသိတဲ့အမေဟာ ဗိုက်နာလာမှ နီးရာကျွန်းကလေးပေါ်လှေထိုးဆိုက်ပြီး ကျွန်တော့်ကို မွေးချသလိုမျိုး ။

ဆေးရုံ၊ ဆေးခန်း မရွေးနိုင်တဲ့ အမေ။

ကျွန်းကလေးတောင် မရွေးနိုင်တဲ့အမေ။

ဆရာဝန်မရှိ၊ သူနာပြုမရှိ။ လက်သည်မရှိ ။ ငှက်ကလေးတစ်ကောင် မရှိ။ သစ်ပင်လေးတစ်ပင်တောင် မရှိ ။ အဲသည့်ကျွန်းဆင်းရဲသားလေးပေါ်မှာ ကျွန်တော် ကို မွေးချလိုက်တာတဲ့။

ဒါပေမယ့် ကျွန်တော် တွေ းမိပါတယ်လေ။

အဲသည့်ကျွန်းဆင်းသားလေးပေါ်မှာ အဖေနဲ့ အမေရှိနေတယ်။ မြေကြီးနဲ့ သဲပွင့်ရှိနေတယ်။ ဟိုးအထက်မှာ မိုးကောင်းကင်ကြီးရှိမယ်။ မိုးတိမ်တွေ ရှိမယ်။နောက်ပြီး ချစ်မေတ္တာရှိမယ်။

နောက်ပြီး ကျွန်းကလေးပေါ်မှာ အူဝဲဆိုတဲ့ အသံနဲ့ အတူ ကျွန်တော် ရှိလာမယ်။

ကျွန်းကလေးဟာ ဘယ်လောက်ပဲ ဆင်းရဲပါစေ။ ငှက်မဲ့ပါစေ ။ သစ်ပင်မဲ့ပါစေ။

မြေကြီးနဲ့ ကောင်ကင်ရှိတယ်။

အဖေနဲ့ အမေရှိတယ်.။

ချစ်မေတ္တာရှိတယ်။

ကျွန်တော် ဟာ ရွှေဇွန်းကိုက်မမွေးလည်း လုံလောက်ပါတယ် အဖေနဲ့ အမေရယ်။

အဖေနဲ့ အမေနဲ့ ပင်လယ်နဲ့ ကောင်းကင် နဲ့ ကမ္ဘာမြေရဲ့ ချစ်မေတ္တာနဲ့ ပဲ လုံလောက်ခဲ့ပါတယ်။

ပင်လယ်ကြီးရဲ့ လှိုင်းထန်တဲ့ ရင်ခွင်မှာ ကျွန်တော် ဟာ တိမ်ပြာပြာ ကောင်ကလေးတစ်ပေါ့။

"ငါ့သား ဘာမှ မကြောက်နဲ့ နော်။ပင်လယ်ကြီးထဲမှာ စားစရာတွေ အပြည့်အသိပ်ရှိတယ်" လို့ အမေက ခဏခဏ ပြောတယ်။

လှိုင်းထန်ပြီး မုန်းတိုင်းအသံတွေ အမြဲအော်ဟစ်နေတဲ့ ချစ်တဲ့ ပင်လယ်ကြီးကြောင့် ကျွန်တော် အင်အားတွေ ရှိခဲ့ပါတယ်။

ကျွန်တော် ဂဏန်းဖမ်းတယ်။

ရေဘဝဲ ၊ကင်မွန်း ၊ကျောက်ငါး၊ ကျောက်ပုဇွန် ၊ အကုန်ဖမ်းတယ်။

ပင်လယ်အောက်မှာ ရေငုပ်ပြီး မုတ်ကောင်ရှာတယ်။ ငါးကြီးအန်ဖတ် ရှာတယ်။

ကျောက်ဆောင်ကြီးပေါ် တွယ်ကပ်တက်ပြီး ငှက်သိုက်ရှာတယ်။

ကြေးပြားရဲ့ ဇောကြောင့် ဇီဝဖိုးငှက်ကလေးတွေ ရဲ့ ရင်ဘတ်ထဲက သွေးများ ကို ကျွန်တော် အလေးမထားခဲ့မိတာ၊ လောကရဲ့ တရားနဲ့ ဆန့်ကျင်တာ မှာ းကောင်းမှာ းနိုင်ပါတယ်။

ကျွန်တော် ဟာ အမှာ းတွေ နဲ့ နေသားကျတဲ့ လူ တစ်ယောက် ဖြစ်ချင် ဖြစ်မယ်ပေါ့။

အို...ဒရမ်သံတွေ ကို နှလုံးသားက ကြားနေပြန်ပြီ။

ပင်လယ်အနံ့ ၊ ငါးအနံ့ ထွေးရောနေတဲ့လေက ကျွန်တော့်မျက်နှာကကို တိုးဝှေ့လို့။

ကျွန်တော် မျက်နှာဟာ ဒရမ်လား။

ကျွန်တော် ရင်ဘတ်ဟာ ဒရမ်လား။

"ပသျှူး ကျားကပွဲ မြို့ ထဲလှည့်လာရင် ငါ့သားက အဲဒီ အနားမသွားလေနဲ့ နော်။ ဝေးဝေးကရှောင် ။ သားရဲ့ အဘိုးက ကျားဆေးထိုးထားတာ၊လူ တစ်ယောက် က ကျားထိုးဆေးထားရင် သူ့မြေးသူ့မြစ်အထိ ဆေးရဲ့ အဆိပ်က ပြယ်တာ မဟုတ်ဘူး"

ကျွန်တော် ငယ်ငယ်က ကျွန်တော့် အမေ မှာ ကြားလေ့ရှိတဲ့စကား။

"သူတို့တစ်တွေ ဟာ ကျားတွေ လို ဆေးရောင် ခြယ်ထားကြတာ။ လူတွေ က ကျားရုပ်ပေါက်လာတော့ ကျားဆရာက သူတို့ရဲ့ နှုတ်ခမ်းပေါ်မှာ ဆေးနီမှုန့်လေးတင်ပေးတယ်။ ကျားမော သွင်းတာလို့ ခေါ်တယ်။ ကျားဆရာရဲ့ ပါးစပ်ကလည်း မန္တာန်တွေ ပွတ်တွတ်ပွတ်တွတ် ရွတ်တော့တာပဲ။ မကြာခင်မှာ အဲဒီ လူ ကျားစိတ်ဝင်လာတယ်။ မုန်းတီးတယ် ခေါ်တာပေါ့ကွာ။ မြေကြီးပေါ်မှာ ကျွမ်းတွေ ပစ်တော့တာပဲ။ ကျားဆရာနဲ့ မျက်နှာချင်းဆိုင်မှာ ကျားတစ်ကောင်လို က တော့တာပဲ။ နှာဖျားချင်းထိ၊ နှာခေါင်းချင်းပွတ်၊ နှုတ်ခမ်းချင်းခတ်၊ တောစိတ်ဝင်လာရင် မျက်နှာချင်းဆိုင် ကနေရင်းက လက်မောင်းကို ဆွဲယမ်းကိုက်ဖဲ့ ပစ်လိုက်တော့တာ၊ အသားကို ဘတ်လတ်ကြီးပဲ့လို့၊ သွေးခြင်းခြင်းနီလို့။ အမေ ကတော့ ကျားကပွဲကို ကြောက်တယ်"

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

ကျွန်တော် သွေးကြောထဲမှာ ဒရမ်သံတွေ မြည် ဟည်းနေတယ်။

ကျွန်တော့် သွေးကြောထဲမှာ ဘယ်သူတွေ ဒရမ် ဝင်တီးနေကြတာလဲ.။

(၅)

ပင်လယ်ပြင်ကြီးထဲ အလုပ်လုပ်လို့ ဝတော့ ကုန်းပေါ်တစ်လှည့်တက်ပြီး အလုပ်လုပ်ကြည့်ချင်တဲ့ ကျွန်တော် ။

ဆိုင်ကယ် တက္ကစီဆွဲရင်၊ ဆိုင်ကယ်မောင်းရတာ လည်း လှိုင်းစီးရသလို

ပျော်ရွှင်စရာပဲ။

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

ဟော..မြိတ်မြို့ ထဲ ပသျှူး ကျားအဖွဲ့လှည့်လာနေပြီ။ အမေက ပြောထားတယ်။ ကျားကပွဲကိုရှောင်တဲ့။ ကျွန်တော် သိမ်တော် ကြီး ဘုရားတော် ကုန်းပေါ် ဆိုင်ကယ်မောင်းထွက်ရမလား။ မြို့ အပြင်ဆီမောင်းပြေးရမလား။

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

သူတို့ တကယ်လာနေကြပြီ။

အမေရယ် သူတို့ လာနေကြပြီဗျ။

ဒရမ်တွေ ကို တီးလို့။

အဝတ်မဲ့ကိုယ်လုံးပေါ်မှာ အဝါ အနက်မျဉ်းတွေ ကရွှန်းစိုတောက်ပလို့။

ကျားဆရာက ပုဆိန်ကိုကိုင်ပြီး ဘေးကခြံရံစောင့်ရှောက်လို့။

ကျွန်တော့် ဆီ တည့်တည့်ကြီးကို လာနေတာဗျ။

အမေရေ ဘယ်လိုလုပ်မလဲ။

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

ဒိန်း ဒိန်း ဒိန်း

အပြင်မှာ လည်း ဒရမ်သံတွေ ၊ကျွန်တော့ သွေးထဲမှာ လည်း ဒရမ်တွေ ။

ကျွန်တော် ဟာ မြိတ်မြို့ ပေါ်မှာ ဆိုင်ကယ်တက္ကစီမောင်းသူလား။ ကျွန်တော့်ရဲ့ ဘဝ ဖြစ်တည်မှု ကို ကျွန်တော် မသိတော့။

ကျွန်တော် သိတာက.....

ကျွန်တော် ဟာ ကျားတစ်ကောင်။

(၆)

ကျွန်တော် ဟာ လေထဲမှာ ကျွမ်းတွေ အဆက်မပြတ်ခုတ်နေတယ်။ ပြီးတော့ ကျားကပွဲရှေ့မှော က်မှာ ကျားတစ်ကောင်လို့ ပေါ့ပါးစွာ ကျရောက်သွားပြီး ။

ကျွန်တော့် သွေးစီးသံထဲ ဘယ်သ ဒရမ်ဝင်တီးတာလဲ။

ကျွန်တော် ပေါ့ပါးနေတယ်။

ကျွန်တော် လွတ်လွပ်နေတယ်။

ကျွန်တော် မြောက်ကြွနေတယ်။

အမေရေ....

ကျွန်တော် ကနေတယ်။

ကျားတစ်ကောင်လို..။

သူ့တို့အထဲမှာ ကျားတစ်ကောင်လို ကမိပြီ။

ဒရမ်စီးချက်အတိုင်း ကျားတစ်ကောင်ရဲ့ ဝိညာဉ်နဲ့ ကျားတစ်ကောင်ရဲ့ ဟန်ပန်နဲ့ ။ ကျွန်တော် ကနေတယ်။ သူတို့နဲ့ ကျွန်တော် မျက်နှာချင်းဆိုင် ကနေတယ်။

ကျားအထီးတစ်ကောင်နဲ့ ကတယ်။

ကျားအမတစ်ကောင်နဲ့ ကတယ်။

အချစ်လား၊အကြမ်းလား အတိုက်အခိုက်လား။

ကျားအမကို ပွတ်သပ်ပြီး ကျားအထီးကို မာန်ဖီတယ်။

ကတယ် ၊ ချစ်တယ်၊ ကြမ်းတယ်၊ စိတ်လိုလက်ရကတယ်။ စိတ်ရှိလက်ရှိကတယ်။ မုန်စီးပြီ။

ဘယ်သူလဲ ဆိုင်ကယ်တက္ကစီ မောင်းသမား။ (မသိဘူး။) ဘယ်သူလဲ ငါးဖမ်းသမား ။ (မသိဘူး)

ဘယ်သူလဲ ငှက်သိုက်ရှာသူ ။ (မသိဘူး)

ကျားတစ်ကောင်ဟာ ကျားတွေ နဲ့ အတူကနေတယ်။

အဝါ၊ အနက်၊ အနက်၊ အဝါ ၊ အဝါ၊ အနက်။

မြိတ်မြို့ ရဲ့ နေရောင် အဝါက တောက်ပပွင့်လင်းလို့။

ဟေး...အချစ်....

ဒရမ်သံတွေ ကြားမှာ း။ အဝါ အနက်တွေ ကြားမှာ ......

ကျွန်တော် ဟာ ကလို့။

အဘိုးရဲ့ မြေးဟာ အဘိုးရဲ့ သွေးနဲ့ မြိတ်မြို့ ပေါ်မှာ ကျားတစ်ကောင်လို ကလို့။ ကျားတွေ ဟာ ကလို့။

အာလုံးဟာ ကျားတွေ ။

ကကြ၊ ကျွမ်းပစ်ကြ။ ခုန်ကြ ၊ပွတ်သပ်ကြ၊ မွှေးယမ်းကြ၊ ငုံ့ခဲ့ကြ။ ချစ်ကြ ၊နမ်းကြ ၊ ဒရမ်တွေ တီးကြ၊ ဒရမ်သံတွေ ဟည်းထ။

မြိတ်မြို့ မှာ ကျားကပွဲဟာ တက်ကြွလှပ။

အိုး...ဆက်ကကြ။

ကကြ...။

ငါတို့ ကကြစို့။

ရွှေအမြုတေမဂ္ဂဇင်း ၊မေ၊ ၂၀၁၀။